# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၂၅/၈၉)

၁၃၅၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်
(၁၉၈၉ ခုနှစ် စက်တင်ဘာလ ၁၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာစာအဖွဲ့၏ ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ခ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်-

(ခ) နိုင်ငံတော်၏ အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း။